# သတင်းအချက်အလက် စီမံခန့်ခွဲမှု ကွန်ယက် - မြန်မာဘာသာအစုအဖွဲ့အစည်းအဝေး - ၂၈ ဇူလိုင် ၂၀၂၁

သဘာပတိ။ ။ ဒေါ်အိအိသိန်း (MIMU)

ပါဝင်သူများ။ ။ Jhpiego, JOICFP, KWEG, Myanmar Red Cross Society, UN Women, arche noVa, Ipas, Lutheran World Fedration, MHAA, The Asia Foundation, Pestalozzi Children Foundation, Pyin Nyar Thar Hla, UNICEF, A Linn Mee Eain (Lamp Light), Samaritan's Purse, AFXB Myanmar, International Legal Foundation Myanmar, American Refugee Committee, ICAP in Myanmar, UNHCR, GRET Myanmar, NRC, AAR Japan (Hpa an), UN-Habitat, Substance Abuse Research Association (SARA), Peace Corps/ Myanmar, UNOCHA, Community Partners International, UNFPA, Michigan State University, World Vision Myanmar, MIMU (32 agencies)

## 1 ကျား/မရေးရာထည့်သွင်းထားသည့် ရလဒ်များရရှိရန် သုတေသနများတွင် ကျား/မ ရေးရာပါဝင်စေခြင်း - ဒေါ်ချောစုနွယ်, UN Women

မြန်မာနိုင်ငံ တွင် COVID-19 နှင့် နိုင်ငံရေး အခြေအနေများ ကြောင့် double crisis ဟုပင် ပြောနိုင်သော လက်ရှိအခြေအနေ တွင် ထိုဖြစ်စဉ်များ ၏ အဘက်ဘက်မှ သက်ရောက်မှု များ ကို သုတေသနများ၊ စစ်တမ်းများ ကောက်ယူမှု များ ပြုလာသည်။ တွေ့ရှိချက်များ အရ သက်ရောက်မှုများသည် ကျားမ မမျှမတ သက်ရောက်သော်လည်း သုတေသနများတွင် ယေဘုယျလူဦးရေ အတွက်သာ စဉ်းစားထားပြီး ကျားမ အစရှိသည်ဖြင့် ထည့်သွင်းစဉ်းစားမှု အားနည်းနေကြောင်း တွေ့ရသည်။ အဆိုပါ အားနည်းချက် သည် မြေပြင်တွင် စီမံကိန်းများ အကောင်အထည်ဖော်ရာတွင်ပင် ထိခိုက်လာနိုင်သည်။ ကျား မ disaggregated လုပ်ထား သော အချက်အလက်များ ရရန် လိုအပ်ကာ သို့မှသာ ပြဿနာများ ကိုဖြေရှင်းရန် ကြိုးစားရာတွင် ထိရောက်မှုရှိမည်။

ထိုအချက်များ ကြောင့် UN Women သည် သုတေသနများ ပြုလုပ်ရာတွင် ကျားမရေးရာ ကိုထည့်သွင်း စဉ်းစားရန် သဘောတရား concept note တစ်ခု ကို ပြုလုပ် ခဲ့သည်။

ဦးစွာ ကျား/မ ရေးရာ ထည့်သွင်းထားသည့် သုတေသနစက်ဝိုင်း ကို ရှင်းပြခဲ့သည်။ research idea phase, research proposal phase, research phase, dissemination phase ဟူသော သုတေသန စက်ဝိုင်း ၏ အဓိက phase လေးခု၏ အဆင့်တိုင်း အဆင့်တိုင်းတွင် ကျားမ gender ဆိုင်ရာ သဘောတရား များ နှင့် gender sensitivity ကို ထည့်သွင်းစဉ်းစား လုပ်ဆောင်ရမည်။ ဥပမာ တစ်ခု အနေဖြင့် အိမ်ထောင်စု များ ကို ကွင်းဆင်းမေးခွန်းများ မေးရာတွင် အမျိုးသား နှင့် အမျိုးသမီး ကို သီးခြားလွတ်လပ်စွာ မေးပါက အတူထား၍ မေးခြင်း နှင့်မတူသောအဖြေများ ရခဲ့ဖူးသည်။

| | |
|---|---|
| | **သုတေသန တွေးတောကြံဆမှုများ နှင့် အယူအဆများ /** research idea phase - ဤအဆင့်တွင် သုတေသနတစ်ခုပြုလုပ်ရန် စတင်၍ ကြံဆစဉ်ကပင် ကျားမရေးရာ ဆက်စပ်မှု ကို ဆန်းစစ်ရန် လိုအပ်သည်။<br>**ဒီဇိုင်းပြင်ဆင်ခြင်း နှင့် သုတေသနနည်းလမ်းများ /** research proposal phase - ဤအဆင့်တွင် ကျားမ ကို တန်းတူထည့်သွင်း စဉ်းစားပြီး ကျားမ သီးခြား အချက်အလက်များ (disaggregated data) ရရန် လုပ်ဆောင်ရမည်။ ထို့အပြင် 'နိုင်ငံသားများ'၊ 'အကျိုးခံစားခွင့် ရှိသူများ'၊ 'လုပ်သားများ'၊ 'နစ်နာသူများ' သို့မဟုတ် 'ကလေးများ' စသည့် အုပ်စုများ-စသဖြင့် သတ်မှတ်ခြင်းသည် ယေဘုယျကျလွန်းနေသောကြောင့် ရှောင်ရမည်။<br>**သုတေသန အကောင်အထည်ဖော်ဆောင်ရွက်ခြင်း /** research phase - အချက်အလက် များ ကောက်ယူရာတွင် ကျား၊ မရေးရာ အချက်အလက်များအား ထည့်သွင်းစဉ်းစားရန် လိုအပ်ပြီး ကျား၊မဘက်လိုက်မှုမှ ရှောင်ရှားရန် အရေးကြီးပြီး ကျား၊မ ဘက် မလိုက်သော ကြားနေစကားလုံးများ အသုံးပြုရမည်ဖြစ်သည်။ အချက်အလက်ခွဲခြမ်းစိတ်ဖြာရာတွင် ကျား၊မရေးရာအား အဓိကကိန်းရှင် (central variables)အဖြစ်ထားကာ အခြားကိန်းရှင်များနှင့် ယှဉ်တွဲကာ လေ့လာဆန်းစစ်မှုများပြုလုပ်သည်။ သုတေသနပြုလုပ်စဉ်အတွင်း ကျား၊မ ညီမျှစွာပါဝင်သည့် အမှန်တကယ် အသုံးပြုသူအုပ်စုများ ပါဝင်ခြင်းသည် သက်ရောက်မှုအများဆုံးရစေသည့် နည်းလမ်း တစ်ခုဖြစ်သည်။<br>**ဖြန့်ဝေခြင်းအဆင့် /** dissemination phase - ကျား၊မ ဆိုင်ရာများသည် အခြားသော လေ့လာထားသည့် ကိန်းရှင်များကဲ့သို့ပင် နေ့စဉ်ဖြစ်ရပ်များ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့်အလျောက် ထုတ်ဝေမှုများတွင်လည်း ကျား၊မ ဆိုင်ရာတွေ့ရှိချက်များ (publications) ပါဝင်သင့်သည်။<br>သုတေသန ပြုလုပ်သူများ အတွက် ကျား/မရေးရာ ပါဝင်စေရန် စစ်ဆေးရန်စာရင်း check list ကိုလည်း ပြုလုပ်ထားပြီး ပါဝင်သော မေးခွန်း များ ကို တစ်ခုချင်း ရှင်းပြခဲ့သည်။ ထို့အပြင် အခြားသော အဖွဲ့အစည်း များ ၏ သုတေသနများ အတွက် UN Women မှ Gender responsive ဖြစ်သော M&E indicators များ လည်း ကူညီပေးခဲ့ဖူးသည်။ |
| 2 | **DHIS 2 စနစ် မိတ်ဆက် - Dr. အိရွှေဇင်ဝင်း, Jhpiego**<br><br>District Health Information Software 2 (DHIS 2) သည် ကျန်းမာရေးဆိုင်ရာ အချက်အလက်များ ကို စုစည်းလေ့လာဆန်းစစ်နိုင်သော စနစ်တစ်ခု ဖြစ်သည်။ University of Oslo မှ ပြုလုပ်ခဲ့ပြီး open source ဖြစ်ကာ အင်တာနက်အခြေခံသော စနစ် တစ်ခုဖြစ်သည်။ နိုင်ငံပေါင်း ၁၀၀ ကျော်တွင် အသုံးပြုနေသည်။<br>DHIS 2 ၏ အားသာချက် အချို့မှာ အခြားစနစ်များ နှင့် ဆက်စပ်လုပ်ဆောင်နိုင်ခြင်း၊ open source ဖြစ်သောကြောင့် ကိုယ်ပိုင် ပြင်ဆင်ပြုလုပ်နိုင်ခြင်း၊ ကျန်းမာရေး သာ မက အခြား ကဏ္ဍများ တွင်ပါ သုံးနိုင်ခြင်း၊ WHO မှ လည်း အားပေးထောက်ခံထားခြင်း တို့ဖြစ်သည်။ ထို့အပြင် အချက်အလက် များ ကို တစ်နေရာထည်းတွင်စုထားနိုင်ခြင်း၊ online ရော offline ရော ရခြင်း၊ စိတ်ကြိုက်ပြင်နိုင်ခြင်း၊ data များကို သန့်အောင်လုပ်နိုင်ခြင်း၊ share လုပ်ခြင်း ကို ကန့်သတ်နိုင်ခြင်း၊ GIS နှင့် ချိတ်ဆက်နိုင်ခြင်း၊ အခြား |

| | |
|---|---|
| | programming languages များနှင့် ချိတ်နိုင်ခြင်း၊  ကူညီပေးမည့် ပညာရှင်များပြားခြင်း အစရှိသည့် အားသာချက်များလည်းရှိသည်။ အားနည်းချက် မှာ iOS  app မရှိသေးခြင်း ဖြစ်သည်။<br>DHIS 2 သည် open source စနစ် ကိုသာ ထောက်ပံ့ပေးခြင်း ဖြစ်သဖြင့် အချက်အလက်များကို စိတ်ကြိုက် ကိုယ်ပိုင် server များနှင့် စုထားနိုင်ပြီး ထိုထဲသို့ ဝင်ရန် User roles များ အနေဖြင့် Developer, Intermediate user နှင့် End user ဟူ၍ အဆင့်ဆင့်ခွဲထားသည်။ ကိုယ်ပိုင် server လုပ်ခြင်းဖြင့် လုံခြုံမှုလည်း ပိုရှိသည်။ လုပ်ဆောင်သော အဖွဲ့အစည်းများ သည် super user / admin များ အနေဖြင့် Intermediate user role ကိုယူထားသည်။<br>DHIS 2 တွင် လုပ်ဆောင်ချက်များ စွာအတွက် App / Tools များ ခွဲထားပြီး အရေးကြီးသော app အချို့ကို အခြေခံထားသော workflow ကိုရှင်းပြခဲ့သည်။ (အသေးစိတ် ကို slides များထဲတွင်ကြည့်ပါ) Workflow တွင် အချက်အလက် ထည့်သွင်းခြင်း မှ စ၍ data approval, သန့်စင်ခြင်း၊ သုံးသပ်ခြင်း အစရှိသည်တို့သာမက နောက်ဆုံး report များ၊ မြေပုံများ၊ dashboard များထွက်သည်ထိပါဝင်သည်။<br>လက်ရှိတွင် မြန်မာနိုင်ငံ အနေဖြင့် DHIS 2 ကို ကျန်းမာရေး ဝန်ကြီး ဌာန နှင့် HIV TB projects များ တွင်သုံးနေသည်။ INGO များ အနေဖြင့် Jhpiego  နှင့် PSI တွင် သုံးသည်။ လောလောဆယ် ရေတိုတွင် စနစ်နှင့် ပတ်သက်သည့် ပြဿနာများ ကို ပူးပေါင်းမေးမြန်းရန်၊ ဆက်စပ်သောနယ်ပယ်များ ဆိုင်ရာဆွေးနွေးမှုများ၊ သင်တန်းပေးခြင်းများ လုပ်ရန်စီစဉ်နေပြီး ရေရှည်အတွက် ရှိပြီးသား HISP များနှင့်ချိတ်ဆက်၍ မြန်မာအတွက် သီးသန့် HISP အဖွဲ့တစ်ခု တည်ထောင်ရန် ရည်ရွယ်သည်။ (Health Information System Programme) အဆိုပါ အဖွဲ့ နှင့် network တစ်ခုဖွဲ့ဖြစ်လျှင် IM Network အဖွဲ့ဝင်များ ကို အသိပေးပါမည်။<br>စိတ်ပါဝင်စားသူများ အတွက် လေ့လာရန် link များ ကိုလည်း မျှဝေခဲ့သည်။ DHIS 2 ကိုလည်း လက်တွေ့လုပ်ဆောင်ပြခဲ့ပြီး demo page တွင် ကိုယ်တိုင် လုပ်ဆောင် လေ့လာ နိုင်သည်။ |
| 3 | ## အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ<br>**MIMU** - အဖွဲ့ပေါင်း ၁၅၆ ဖွဲ့ ၏ ပါဝင်မှု ဖြင့် ၂၀၂၁ မေလ round အတွက် MIMU 3W ထုတ်ကုန်များ ထွက်ရှိနေပြီ ဖြစ်သည်။ Assessment tracking အတွက် လက်ရှိ ကောက်ခံနေပါသည်။ အချက်အလက်များ ကောက်ခံပြီး နောက် Assessment dashboard နှင့် Overview Report သည် ဩဂုတ်လအတွင် ထွက်မည် ဖြစ်ပါသည်။ MIMU IM workshop တက်ထားဖူးသူများ ထဲမှ အချို့ကို ရွေးချယ်၍ Data Analysis training လည်း ယခုအပါတ်တွင် ပေးနေပါသည်။ နောက်တွင်လည်း လုပ်ဆောင်သွားမည် ဖြစ်ပြီး သင်တန်းသူ သင်တန်းသားများ ထပ်မံ လက်ခံသွားပါမည်။ Excel distance learning အတွက်လည်း ခေါ်ယူနေပါသည်။ စက်တင်ဘာလတွင် Tableau training ပေးရန် လည်း ရည်ရွယ်ထားပါသည်။ IM workshop လည်း နောက် round တစ်ခုကိုလည်း အောက်တိုဘာလအတွင်းတွင် လုပ် မည်ဖြစ်ပါသည်။ |

| | |
|---|---|
| | **UNICEF** - ဖေဖော်ဝါရီလ ဖြစ်ရပ်များ အပြီး အိမ်ထောင်စုများ အပေါ်သက်ရောက်မှု များ အပေါ်လေ့လာစမ်းစစ်ချက် များ ကို ဦးစားပေးလုပ်ဆောင်နေပြီး UNDP နှင့် ပူးပေါင်းလုပ်ဆောင်ရန် အစီအစဉ်များ ရှိသည်။ မြန်မာနိုင်ငံ နေရာ လေးခု တွင် rapid need assessment လုပ်ဆောင်ခဲ့သည်။ Data များ ကို အလွယ်တကူ အသုံးချနိုင်စေရန် ယဉ်ပါးစေရန် Data innovation လုပ်ဆောင်နေသည်။ UNICEF အတွင်းတွင် Redatam software အသုံးပြုမှု training ပေးနေသည်။ |
| 4 | **အခြားဆွေးနွေးမှုများ**<br><br>နောက်လ meeting ကို နောက်ဆုံး အပတ် ဗုဒ္ဓဟူး ဩဂုတ်လ ၂၅ ရက်တွင် လုပ်ပါမည်။ |

| | Participant | Agency/Organisation | Position |
|---|---|---|---|
| 1 | Dr Murali | Jhpiego | Sr MEL Adviser |
| 2 | Dr. Ei Shwe Sin Win | Jhpiego | Sr. M&E Manager |
| 3 | Dr Tin Maung Chit | JOICFP | Senior Project Officer |
| 4 | Sa Phyo Min Htay | KWEG | Assistant M&E Officer |
| 5 | Mr. Nyein Chan Naung Naung | Myanmar Red Cross Society | IMT Manager |
| 6 | Chaw Su Nwe | UN Women | Technical Specialist |
| 7 | Precious Thein | arche noVa | Project Assistant |
| 8 | Tinleilei Aung | Ipas | Senior R&E Advisor |
| 9 | Khin Khin Than | Lutheran World Fedration | Planning, Monitoring and Evaluation Officer |
| 10 | Moe Zaw Nyein | MHAA | Senior M&E Officer |
| 11 | Yin Yin Nwe | Substance Abuse Research Association(SARA) | M&E Officer |
| 12 | KHIN MYA SU | The Asia Foundation | Program Coordinator |
| 13 | Wai Min Chit | Pestalozzi Children Foundation | |
| 14 | Phyo Hlaing Bwa | Pyin Nyar Thar Hla | Director |
| 15 | Aung Kyaw Lwin | UNICEF | Monitoring Officer (Data) |
| 16 | Chan Nyein Moe | A Linn Mee Eain (Lamp Light) | Leader |
| 17 | Thwe Thwe Tun | Samaritan's Purse | M&E Manager |
| 18 | Thiri Win | AFXB Myanmar | Data Supervisor |
| 19 | Mary @ Cing San Ciin | International Legal Foundation Myanmar | Human Resources & Operations Assistant |
| 20 | Myo Min Thein | American Refugee Committee | Data Quality Assurance Officer |
| 21 | Thin Wut Yee | ICAP in Myanmar | Data Officer |
| 22 | Kyaw Zin Htike | UNHCR | Information Management Associate |
| 23 | Cing Sawm Lun (Ms) | GRET Myanmar | Admin/HR Officer |
| 24 | Saw Nay Chi Tun | NRC | M&E Officer |
| 25 | Saw Win Htain | AAR Japan (Hpa an) | Project Officer |
| 26 | Htun Lynn | UN-Habitat | M&E Reporting and Knowledge Management Coordinator |
| 27 | Kyi Soe Htun | Substance Abuse Research Association (SARA) | M&E Officer |
| 28 | Nang Noan Vo | Peace Corps/ Myanmar | Regional Program Manager |
| 29 | Thura Kyaw | Jhpiego | Senior KM Manager |

| | | | |
|---|---|---|---|
| 30 | Su Yin Win | NRC | M&E Manager |
| 31 | Khin Thandar Soe | UNOCHA | National IMO |
| 32 | Dr. Zayar Phyo Aung | Community Partners International | Senior M&E Manager |
| 33 | Chan Nyein Moe | A Linn Mee Eain (Lamp Light) | Leader |
| 34 | Win Myint | UNFPA | M&E officer |
| 35 | NiLar Aung | Michigan State University | Senior Research Specialist |
| 36 | Zaw Linn Htet | American Refugee Committee | Technical and M&E Coordinator |
| 37 | tin cho aye | World  Vision Myanmar | Knowledge Management &Innovation Coordinator |
| 38 | Nan Po Po Myint | MIMU | Database Associate |
| 39 | Ei Ei Thein | MIMU | Data Manager |
| 40 | Naing Lin Kyaw | MIMU | PR, Design and Reporting Officer |